အခြေခံစစ်သင်တန်း မတက်ချင်ကြသူများ ဘုန်းကြီးဝတ်နေကြခြင်းနှင့် လွတ်ရာသို့ထွက်ပြေးနေကြခြင်း

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇူလိုင်လ ၄ ရက်၊ ၂၀၀၃ ခုနှစ်။

မြန်မာနိုင်ငံတောင်ပိုင်း ရေးမြို့နယ်တွင် နအဖစစ်အစိုးရတို့ အတင်းတက်ခိုင်းနေသော အခြေခံစစ်သင်တန်း မတက်ချင်ကြသူများသည် ၎င်းသင်တန်းကို လွတ်သည့်နည်းနှင့် ဖြစ်သလို ထွက်ပြေး တိမ်းရှောင်နေကြပါသည်။

မွန်ပြည်နယ် ရေးမြို့နယ်မြောက်ပိုင်းဒေသတွင် အခြေစိုက်နေသော ခလရ ၃၄၃ သည် လွန်ခဲ့သည့် (၂) ရက်နေ့က မိမိတို့အခြေချနေသော ရေိယာပတ်ဝန်းကျင်ရှိ ကျေးရွာ ၄ ရွာမှ ရွာသားအယောက် (၅၀၀) ကို ၎င်းစစ်သင်တန်း တက်ရောက်ရန် အမိန့်ထုတ်ခဲ့ပါသည်။

၎င်းအမိန့်ကြောင့် သင်တန်းမတက်ချင်သည့် ရွာသားများသည် ရွာရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဘုန်းကြီးဝတ်ကြပြီး၊ တချို့ရွာသားများသည် လွတ်မြောက်ရာရွာများသို့ ထွက်ပြေးတိမ်းရှောင်နေကြကြောင်း သိရပါသည်။

သင်တန်းမတက်ချင်ကြသည့် အရတောင်ရွာသားများသည် ၎င်းသင်တန်းမှလွတ်မြောက်ရန်အတွက် ရွာရှိဘုန်းတော်ကြီးကျောင်းများတွင် ဘုန်းကြီးဝတ်ကြပြီး၊ တချို့ ရွာသားများသည် တခြားရွာများသို့ ထွက်ပြေးတိမ်းရှောင် နေကြကြောင်း သိရပါသည်။

အလားတူပင် စုံနံ့သာရွာနှင့် ၎င်းအနီးရှိ ရွာနှစ်ရွာမှ ရွာသားတချို့သည် ဘုန်းကြီးဝတ်နေကြပြီး၊ လွတ်မြောက်ရာ မွန်ပြည်သစ်ပါတီ ထိန်းချုပ်ရာဒေသသို့လည်းကောင်း၊ လွတ်မြောက်ရာကျေးရွာများသို့လည်းကောင်း၊ နယ်စပ်ဘက်ဒေသသို့လည်းကောင်း ထွက်ပြေး တိမ်းရှောင်နေကြပါသည်။

လွတ်လပ်သော မွန်သတင်းအေဂျင်စီမှ ထွက်ပြေးသူများကို ဘာကြောင့် ယခုကဲ့သို့ ထွက်ပြေးရသနည်းဟု မေးမြန်းရာတွင် ရွာသားများမှ ''ကျနော်တို့ စိတ်ဆန္ဒမပါဘူး၊ စစ်ကိုလည်း ကျနော်တို့ အားမပေးဘူး၊ ကျနော်တို့မတက်ချင်ပါဘူး၊ အတင်းတက်ခိုင်းတယ်ဆိုတော့ ပြေးရတာပေါ့'' ဟု ဖြေကြားခဲ့ပါသည်။

၎င်းအခြေခံစစ်သင်တန်းသည် မြန်မာနိုင်ငံ စစ်အစိုးရ၏ ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ဖြစ် မြန်မာနိုင်ငံတောင်ပိုင်း ဒေသတလျှောက်တွင် ပြုလုပ်နေပြီး၊ ၎င်းသင်တန်းအတွက် ကျေးရွာသူရွာသားများကို သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မယက) မှ အစည်းအဝေးခေါ်ယူပြီး စာရင်းကောက်ကာ အတင်းသင်တန်းတက်ခိုင်းနေပါသည်။

တိုက်နယ်တစ်နယ်ကို မယကတို့မှ သင်တန်းသားဦးရေ ၁၀၀၀ အတင်းအကြပ် စာရင်းကောက်ယူနေပြီး၊ သင်တန်းသားများမှာ အသက် ၁၈ နှစ် အထက်နှင့် ၄၀ နှစ်အောက်ရှိ အမျိုးသားများသာ ဖြစ်သည်ဟု သိရပါသည်။

သင်တန်းတွင် လက်နက်ဖြုတ်တပ်ဆင်သည့်နည်းနှင့် လူထုအုံကြွမှုဖြစ်လာလျှင်ဘယ်လို တိုက်ခိုက်ခုခံရမည့် နည်းများကို သင်ကြားပေးနေခဲ့ပါသည်။ ၎င်းသင်တန်းကို မြို့ပေါ်တွင် သပိတ်လှန်အဖွဲ့အဖြစ်လည်းကောင်း၊ သပိတ်ဖျက်အဖွဲ့အဖြစ်လည်းကောင်း အမည်ပေး စည်းရုံးနေပြီး၊ ကျေးရွာများတွင် ၎င်းသင်တန်းကို ပြည်ပစစ် တွန်းလှန်ရန်အတွက် အသုံးပြုမည်ဖြစ်သည်ဟု နအဖစစ်အာဏာပိုင်တို့မှ သတင်းထုတ် စည်းရုံးနေခဲ့ပါသည်။

၎င်းသင်တန်းကို မြို့ပေါ်များတွင် စတင်နေခဲ့ပြီး သင်တန်းကို မတက်ချင်သည့် နအဖကြံ့/ဖွံ့အသင်းဝင်များလည်း ထွက်ပြေးနေကြကြောင်း နယ်စပ်ကို ထွက်ပြေးရောက်ရှိလာသည့် ရေးမြို့မှ ကြံ့/ဖွံ့အသင်းဝင်များက ပြောပြခဲ့ပါသည်။